ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်ကြော်ငြာစာအမှတ်၊ ၆၃ / ၂၀၂၀

၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် )

**COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရအနေဖြင့် အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာ ခွဲခြားခြင်း၊ နေထိုင်ရာဒေသ ခွဲခြားခြင်း အလျဉ်းမရှိဘဲ နိုင်ငံတော်၏ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေး မူဝါဒ (No one left behind Policy) ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာ ဒေသများတွင် Coronavirus Disease 2019 (COVID-19) ကာကွယ် ထိန်းချုပ် ကုသရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် **"COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါက်တာတင်မျိုးဝင်း<br>ဒုတိယဥက္ကဋ္ဌ (၂)<br>အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)<br>အတွင်းရေးမှူး၊ ငြိမ်းချမ်းရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးမိုးဇော်ဦး<br>အကြံပေးအဖွဲ့ဝင်၊ ငြိမ်းချမ်းရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးလှမော်ဦး<br>ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |

၃။ "COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းရေး ကော်မတီ"၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ သတင်းအချက်အလက်များ ဖလှယ်ခြင်း၊

(ခ) နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လာသူများအား စစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ သံသယလူနာတွေ့ရှိပါက သတင်းအချက်အလက်ဖလှယ်ခြင်း၊ ညွှန်းပို့ကုသခြင်း၊ သံသယလူနာနှင့် ထိတွေ့မှုရှိသူများအား ရှာဖွေဖော်ထုတ်ခြင်း စသည်တို့တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ရောဂါလက္ခဏာပြသသူများအား စောင့်ကြပ်ကြည့်ရှု ကုသမှုပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များနှင့်အညီ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဟန်ချက်ညီဖြစ်စေရေး နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်နယ်အစိုးရများအကြား Coronavirus Disease 2019 (COVID-19) ကာကွယ်ထိန်းချုပ်ကုသရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာဒေသများတွင် Coronavirus Disease 2019 (COVID-19) ဆိုင်ရာ အရေးပေါ်ဆောင်ရွက်ရန်ကိစ္စများ ပေါ်ပေါက်လာပါက အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်